တရားမပုံစံအမှတ် ၉၄

**ရောင်းချရန်ကြော်ငြာစာ**

( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆ )

**မဟာအောင်မြေရိုင်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇၃**

ကမ္ဘောဇဘဏ်လီမိတက်
(၎င်း၏ကိုယ်စား ဘဏ်ခွဲတာဝန်ခံ ဒေါ်မာလာထွန်း)

ဒီကရီအနိုင်ရသူ

နှင့်

၁။ ဦးစန်းယု
၂။ ဒေါ်စန်းစန်းခိုင်

တရားရှုံးများ

**မန္တလေးခရိုင်တရားရုံးတော်၊** တရားမကြီးမှုအမှတ်- ၅၈၁/၂၀၁၉ အမှုတွင်အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို **၂၀၂၄** ခုနှစ်၊ **ဧပြီ** လ၊ **၄** ရက်၊ နံနက် (၁၀) နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့် စည်းကမ်းများ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲ ဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင် ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဂယ်ယူသူအား လေလံဆွဲဂယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိ က ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဂယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်း ခြင်းမပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဂယ်သူများသည် ရောင်းချသည့် အရာရှိကသတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဂယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဂယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင် ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန် မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၂ ရက်နေ့တွင် ဤရုံး၏တံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

(ရဲလွင်)
ခရိုင်တရားသူကြီး
မဟာအောင်မြေခရိုင်တရားရုံး၊

ပစ္စည်းစာရင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၅)၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ(၀.၀၄၄၈)ဧကရှိ ဘိုးဘပိုင်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ သံဘောင်အသုံးပြုအလုပ်ရုံ အဆောက်အဦး၏ ပိုင်ဆိုင်မှု။

လေလံကြမ်းခင်းဈေး ကျပ်သိန်း (၇၅၀၀)

ကြော်ငြာပြန်သွင်းရန် (၄.၃.၂၀၂၄)

ကပ်ရန်

၁။ မဟာအောင်မြေခရိုင်တရားရုံးကြော်ငြာသင်ပုန်း။

၂။ ချမ်းအေးသာစံမြို့နယ် တရားရုံးကြော်ငြာသင်ပုန်း။

၃။ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးကြော်ငြာသင်ပုန်း။

၄။ အချင်းဖြစ်ပစ္စည်းတည်ရှိရာနေရာ။

၅။ ရုံးလက်ခံ ။